# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 24, 2020 Volume 30, Number 12

**၂၄.၄.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၃ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၃၀/- ကျပ် |
| CBM Rate | = ၁၄၁၈.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၅.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၄၇.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၇.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၀၂.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၀.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၆၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၀၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၇၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပြည်တွင်းစက်သုံးဆီဈေးနှုန်းနှင့်အတူ ရောင်းအားပါကျ




ပြည်တွင်းစက်သုံးဆီဈေး စံချိန်တင်ကျဆင်းခြင်းနှင့်အတူ ရောင်းအားလည်း ကျဆင်းနေကြောင်း စက်သုံးဆီရောင်းဝယ်ရေးကုမ္ပဏီ တာဝန်ရှိသူအချို့က ပြောသည်။ ပြည်တွင်းစက်သုံးဆီဈေးမှာ သမိုင်းတစ်လျှောက် အနိမ့်ဆုံးရောက်ရှိနေသော်လည်း COVID–19 ရောဂါကြောင့် သွားလာမှုနည်းခြင်း၊ အဝေးပြေးယာဉ်လိုင်းများပြေးဆွဲမှု ရပ်နားထားခြင်းတို့ကြောင့် စက်သုံးဆီ ရောင်းအားပါကျဆင်းနေသည်ဟု ၎င်းတို့က ဆိုသည်။ ''ဈေးကျပေမယ့်လည်း အခါတိုင်းပုံမှန်ရက်တွေကထက်ကို ၅၀ ရာခိုင်နှုန်း လောက် ရောင်းအားကျသွားတယ်''ဟု Max Energy ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်နုနုဝေက ပြောသည်။

စက်သုံးဆီဈေးကျဆင်းချိန်တွင် အပြင်ထွက်သွားလာသည့် ယာဉ်အချို့သာ မဖြစ်မနေဝယ်ယူ ဖြည့်သွင်းမှုရှိပြီးဈေးကျ၍ ဝယ်လှောင်စုဆောင်းသူ အနည်းငယ် ရှိကြောင်း စက်သုံးဆီရောင်းဝယ်ရေးအသိုင်းအဝိုင်းကဆိုသည်။ ''ဝယ်လှောင်တယ် ဆိုတာကလည်း တစ်နိုင်တစ်ပိုင်သမား တချို့တလေပါပဲ။ ဈေးကဆက်တိုက်ကျနေ တော့ များများစားစားလည်း မဝယ်ထားရဲကြဘူး''ဟု စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင် ဦးကျော်စိုးကပြောသည်။ ရန်ကုန်အခြေစိုက် စက်သုံးဆီအရောင်းဆိုင် အချို့တွင် ဧပြီ ၂၃ ရက်က အောက်တိန်း–92 တစ်လီတာလျှင် ၃၀၀ ကျပ်အောက် ရောက်ရှိခဲ့သည်။ ထို့အပြင် အောက်တိန်း–95တစ်လီတာလျှင် ၄၃၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၄၃၅ ကျပ်နှင့်ပရီမီယံ တစ်လီတာလျှင် ၄၄၅ ကျပ်နှုန်းရှိကာ ခြောက်လ အတွင်း ၅၀ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့သည်။ ထိုသို့ ပြည်တွင်းစက်သုံးဆီဈေးကျဆင်း

ခြင်းမှာ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းနှင့် တိုက်ရိုက်ချိတ်ဆက်နေပြီး လက်ရှိရေနံစိမ်းဈေး အကျဘက်တွင်ဦးတည်နေ၍ ပြည်တွင်းစက်သုံးဆီဈေးနှုန်း ဆက်လက်ကျဆင်းနိုင်သည်ဟု ဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

**Source:** https://7day.news/detail?id=184456

## စီးပွားရေးလုပ်ငန်းများ အရောင်းမြှင့်တင်ရာတွင် လိုက်နာရမည့် ကန့်သတ်ချက်များထုတ်ပြန်

စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရောင်းမြှင့်တင်ရာတွင် အခြားအဖွဲ့အစည်းကို ထိခိုက်စေမည့်ကိစ္စရပ်များအသုံးမပြုရန်အပါအဝင် ကန့်သတ်ချက်ငါးချက်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဧပြီ ၂၂ ရက်တွင် ထုတ်ပြန်သည်။ မျှတသည့် ယှဉ်ပြိုင်မှုပေါ်လာစေရေးအပါအဝင် ဈေးကွက်အတွင်း သာတူညီမျှခံစားခွင့်ရှိရေးနှင့် အများပြည်သူအကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်နိုင်ရန် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်သည် ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမိန့်ထုတ်ပြန်ခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုခုကို အများပြည်သူသိအောင် ကြော်ငြာခြင်း၊ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် အရောင်းမြှင့်တင်ရန်ဆောင်ရွက်ခြင်းကိစ္စရပ်များအပေါ် မှန်ကန်တိကျသော တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် (သို့မဟုတ်) အာမခံမှုအပြည့်အဝပြုနိုင်သည့် စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့်အချက်အလက် အသုံးပြုမှုများဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်သည်။

အခြားစီးပွားရေးလုပ်ငန်းများကိုထိခိုက်၍ အကျိုးဆုတ်ယုတ်စေနိုင်သော (သို့မဟုတ်) လုပ်ငန်းဆောင်ရွက်မှုများကို အနှောင့်အယှက် ဖြစ်စေနိုင်သော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့်အချက်အလက်တင်ပြမှုများ မပြုလုပ်ရန်ဖော်ပြသည်။ အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေမည့် မှားယွင်းသော၊ မှန်ကန်မှုမရှိသော၊ သွေးဆောင်ဖြားယောင်းသော လိမ်လည်လှည့်ဖြားသော (သို့မဟုတ်) လွဲမှားစွာယုံကြည်စေရန် အကြောင်းရှိမည့် အသုံးအနှုန်း၊ ရေးသားတင်ပြမှု၊ အမှတ်အသားနှင့်အချက်အလက်အသုံးပြုမှုများကိုတားမြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံမှုနှင့်အသိအမှတ်ပြုမှုများရရှိဆောင်ရွက်ကြောင်း အများပြည်သူကိုသိရှိစေလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းမှ အတည်ပြုထောက်ခံထားသည့် အထောက်အထားများရှိမှသာလျှင် ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါကန့်သတ်ချက်များကို အရောင်းမြှင့်တင်မှုလုပ်ငန်းများတွင် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ယှဉ်ပြိုင်မှုဥပဒေအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း အရေးယူမည်ဟု သတိပေးသည်။

**Source:** https://7day.news/detail?id=184457

## မန်းကုန်စည်ဒိုင်ပြန်ဖွင့်သည့်နေ့တွင် တရုတ်ပို့ကုန် ပဲတီစိမ်းနှင့်စမုန်နက် တက်ဈေးဖြင့်အရောင်းအဝယ်သွက်

မန္တလေးကုန်စည်ဒိုင်ကို ဧပြီ ၂၂ ရက် နံနက်ပိုင်းက ပြန်လည်ဖွင့်လှစ်ခဲ့ရာ တရုတ်ဈေးကွက်သို့တင်ပို့မည့် ပဲတီစိမ်းနှင့် စမုန်နက်များတက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။ သင်္ကြန်ကာလအတွင်းအရောင်းအဝယ် ရပ်ဆိုင်းသဖြင့် မန္တလေး ကုန်စည်ဒိုင်ပိတ်ထားခဲ့ရာမှ ယခုပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး COVID-19 ကြောင့် ကုန်စည်ဒိုင်ဖွင့်ချိန်နှင့် ပိတ်ချိန်များပါ ပြောင်းလဲသတ်မှတ်ဖွင့်လှစ်ပေးထားကြောင်းသိရသည်။ ကုန်စည်ဒိုင်သို့ မလာရောက်နိုင်သည့် အသင်းသားများကို နေအိမ်မှအရောင်းအဝယ်ပြုလုပ်နိုင်ရန် ကုန်စည်ဒိုင်မှတရားဝင်ဖွင့်လှစ်ထားသော Online စနစ်ဖြင့် အရောင်းအဝယ်လုပ်ခွင့်ပြုထား ကြောင်းသိရသည်။

"ဒီနေ့ ကုန်စည်ဒိုင်စဖွင့်ပါတယ်။ ဒီနေ့လာတဲ့သူက အရင်ကထက် လေးပုံတစ်ပုံလောက်ပဲလာတာတွေ့ရတယ်။ အရင်ကလူ ၁၀၀ လာရင် အခု ၂၅ ဦးပဲ လာတယ်ဆိုတဲ့သဘောပါ။ Online ကနေအရောင်းအဝယ်လုပ်ကြတာလည်းရှိနေပါတယ်။ ဒီနေ့ ပဲတီစိမ်းဆိုရင် သုံးတင်း တစ်အိတ်ကျပ် ၅၀၀၀ အထက်ဈေးပိုရတယ်။ ဝယ်သူများလို့ ပဲတီစိမ်းအရောင်းသမားတွေ အများကြီး အဆင်ပြေသွားတယ်။ နောက်တစ်မျိုးကနှမ်းပါ။ ဒီနေ့ နှမ်းဖြူလတ်စတစ်အိတ် ကျပ် ၁၃၅၀၀၀၊ စမုန်နက်ဆိုရင် လတ်စတစ်အိတ်ကျပ် ၂၄၅၀၀၀ ကနေထိပ်စကျပ် ၂၆၀၀၀၀ အထိဈေးရပါတယ်။ အရောင်းအဝယ်လည်းသွက်တယ်"ဟု မန္တလေးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောသည်။မန္တလေးကုန်စည်ဒိုင် စတင်ဖွင့်လှစ်ရာတွင် တရုတ်ပို့ကုန် ပဲတီစိမ်းနှင့် စမုန်နက်အပြင် ပြည်တွင်း၌ စားသုံးသူများပြားသည့် ကုလားပဲလည်း အရောင်းအဝယ်ကောင်းလျက်ရှိနေသည်ဟု ပြောသည်။

"ကုလားပဲက အခုအချိန် ကိုဗစ်ကြောင့်အလှူလုပ်ရာမှာ အဓိကစားသောက်ကုန်ဖြစ်နေတယ်။ တပ်မတော်ကလည်း ကုလားပဲကို ရိက္ခာအဖြစ် အဓိကထားဝယ်တာဆိုတော့ ပြည်တွင်ဈေးကွက်မှာ သူလည်းထိပ်တန်းရောင်းကုန်ဖြစ်လာတယ်"ဟု မန္တလေး ကုန်စည်ဒိုင်ဒုဥက္ကဋ္ဌ ဦးချွန်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/138552.html

## ဆန်အရောင်းအဝယ်ကို အွန်လိုင်းမှ ရောင်းဝယ်နိုင်ရန်စီစဉ်လျက်ရှိ

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုနှုန်းများပြားလာသည့်အတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရန်ကုန်မြို့ရှိ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် ဖွင့်လှစ်မည့်ရက်ကို နောက်ဆုတ်လိုက်ပြီး အွန်လိုင်းမှ ရောင်းဝယ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (ဘုရင့်နောင်) အတွင်းရေးမှူး ဦးသန်းဦး၏ ပြောဆိုချက်အရ သိရပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်ကို ဧပြီ ၂၀ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန်စီစဉ ထားသော်လည်း ပြည်တွင်း၌ ရောဂါကူး စက်သူအရေအတွက် များပြားလာသည့်အပြင် သက်ဆိုင်ရာဝန်ကြီးဌာနမှလည်း လူငါးဦးထက်ပို၍ စုဝေးမှုမပြုလုပ်ရန် ကြေညာချက်ထုတ်ပြန်ထားရာ ဆန်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်ဝယ်ယူသူများ၊ လက်လီလက်ကားဆိုင် များ၊ ဆန်ပွဲရုံများ၊ Buyer များ ဝယ်ရောင်းပြုလုပ်နိုင်ရေး အွန်လိုင်းမှတစ်ဆင့် အဖွဲ့တစ်ခုဖွဲ့စည်းကာ အရောင်းအဝယ ပြုလုပ်နိုင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်းသိရပါတယ်။ “လောလောဆယ်တော့ ဖွင့်မယ့်ရက်ကိုမကြေညာသေးဘူး။ အခြေအနေ စောင့်ကြည့်ရဦးမယ်။ အဲဒီတော့ ရောင်းချင်တဲ့သူရော ဝယ်ချင်တဲ့သူပါ အွန်လိုင်းကနေနမူနာပြပြီး ပိုက်ဆံကို ဘဏ်အကောင့် ထဲထည့်ပြီး စလုပ်ဖို့ စီစဉ်ထားပါတယ်” ဟု ဦးသန်းဦးက ပြောကြားခဲ့ပါတယ်။

ဆန်အရောင်းအဝယ် ပြုလုပ်ရာတွင်လည်း တစ်စုံတစ်ဦး ရောဂါဖြစ်ပွားပါက ကုန်တင်ကုန်ချလုပ်သား၊ ကုန်သည် ပွဲစား၊ ဆိုင်ရှင်၊ လက်လီသမားစသည်ဖြင့် ဆက်စပ်သူအားလုံး ထိခိုက်နိုင်သောကြောင့် ယင်းကဲ့သို့စီစဉ်ရခြင်းဖြစ်ကြောင်း သိရပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် တစ်ရက်လျှင် ကုန်သည်ဦးရေ ၁၅၀ မှ ၂၀၀ ဝန်းကျင်သာ လာရောက်ရောင်းဝယ် လေ့ရှိသော်လည်း ဝါးတန်းကုန်စည်ဒိုင်တွင် တစ်ရက်လျှင် ကုန်သည်ဦးရေ ၃၀၀မှ ၈၀၀ ဝန်းကျင်အထိ လာရောက်၍ အရောင်းအဝယ်ပြုလုပ်လေ့ ရှိရာ ဝါးတန်းကုန်စည်ဒိုင် ပြန်လည်ဖွင့်လှစ်မည့်ရက်ကို နှစ်ရက်ကြိုတင်ကြေညာပေးမည်ဖြစ်ကြောင်းသိရပါတယ်။ လတ်တလောတွင် နယ်စုံ၌ စပါးလှိုင်လှိုင်ပေါ်လျက်ရှိရာ ရောင်းချသူများအပြင် ဝယ်ယူသူများအနေဖြင့် အရောင်း အဝယ် လုပ်ကိုင်လိုကြသော်လည်း ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် အွန်လိုင်းမှတစ်ဆင့် ရောင်းချနိုင်ရန်စီစဉ်ရခြင်းဖြစ်ကြောင်းသိရ ပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2891-online-rice-market.html

## COVID-19 ကြောင့် လုပ်သားများထိခိုက်မှု အနည်းဆုံး ဖြစ်စေရေး၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်သည့် လုပ်ငန်းများ စိစစ်ခွင့်ပြုနေပြီး စီးပွားရေးကဏ္ဍ လေးခု၌ ကျပ် ၁၃၃ ဘီလျံကျော်ရှိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု MIC က ထပ်မံခွင့်ပြု




COVID-19 ကြောင့် လုပ်သားများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သည့်လုပ်ငန်းများကို မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က စိစစ်ခွင့်ပြုနေပြီး အိမ်ရာ အဆောက်အအုံကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍအပါအဝင် စီးပွားရေး ကဏ္ဍလေးခု၌ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၁၃၃ ဘီလျံကျော် တန်ဖိုးရှိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခုနစ်ခုကို ထပ်မံခွင့်ပြုပေးခဲ့ ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ထုတ်ပြန်

ထားသည်။ မေ ၃ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၀)တွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းများတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်းလေးခု၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခု၊ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခုနှင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခုတို့ဖြစ်သည်။ ယင်းကဲ့သို့ ခွင့်ပြုပေးခဲ့ရာတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုကဏ္ဍတွင် လုပ်ငန်းနှစ်ခု၊ အိမ်ရာ/အဆောက်အအုံကဏ္ဍတွင် လုပ်ငန်းနှစ်ခု၊ ဟိုတယ်ကဏ္ဍတွင် လုပ်ငန်းနှစ်ခုနှင့် အခြားကဏ္ဍတွင် လုပ်ငန်းနှစ်ခု စုစုပေါင်း လုပ်ငန်းခုနစ်ခုအထိ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ခွင့်ပြုပေးခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်းခုနစ်ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် ၁၃၃ ဒသမ ၆၁၁ ဘီလျံအထိရှိသည်။ ခွင့်ပြုပေးခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခုမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၀၀ ကျော်အထိ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၃ ရက်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၉ ခုအထိရှိပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်ဘီလျံ ၁၂၀၀ ကျော်အထိရှိကြောင်း သိရသည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မတ်လအကုန်အထိ အိမ်ခြံမြေကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍ၊ စက်မှု လုပ်ငန်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းထွက် လုပ်ငန်းကဏ္ဍ၊ လယ်ယာကဏ္ဍနှင့် အခြားကဏ္ဍစသည့် စီးပွားရေး လုပ်ငန်းကဏ္ဍ ၁၁ ခု၌ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဓိကဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အရေအတွက် အနေဖြင့် ၁၆၇၆ ခုနှင့် တန်ဖိုးအားဖြင့် ဒေါ်လာ ၁၀ ဒသမ ၅၆၃ ဘီလျံအပါအဝင် ငွေကျပ် ၂၀၂၃၂ ဒသမ ၇၂၀ ဘီလျံအထိ မြှုပ်နှံခွင့်ပြုထားသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းကို ကာလတိုငါးနှစ် (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁အထိ)၊ ကာလလတ် ငါးနှစ် (၂၀၂၁-၂၀၂၂ခုနှစ်မှ-၂၀၂၅-၂၀၂၆အထိ)၊ ကာလရှည် ၁၀ နှစ် (၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၅-၂၀၃၆အထိ) အသီးသီး ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု စီမံကိန်း၏ အခြေပြုကိစ္စရပ် (Base case) အပေါ်အခြေခံ၍ တွက်ချက်ထားသည့် ရင်းနှီးမြှုပ်နှံမှုဦး တည်ချက်များ (Investment Target) များမှာ ကာလတိုငါးနှစ်ဖြစ်သည့် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ အထိတွင် နှစ်စဉ်ဒေါ်လာ ၅ ဒသမ ၈ ဘီလျံ၊ ကာလလတ် ငါးနှစ်ဖြစ်သည့် ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဒေါ်လာ ၈ ဒသမ ၅ ဘီလျံ၊ ၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၀ -၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဒေါ်လာ ၁၂ ဒသမ ၃ ဘီလျံ၊ ၂၀၃၁-၂၀၃၁ ခုနှစ်မှ ၂၀၃၅- ၂၀၃၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလျံအထိရရှိရန် အသီးသီးခန့်မှန်းထားသည်။

**Source:** https://news-eleven.com/article/170347

## ကျင့်စန်းကျော့ကုန်သွယ်ရေးလမ်း ယာဉ်ကြောပိတ်၍ ဖရဲသီးများ ပျက်စီးဆုံးရှုံးလျက်ရှိ

Covid-19 ကြောင့် တရုတ်အစစ်အဆေးများ၍ ကျင့်စန်းကျော့နယ်စပ် ကုန်သွယ်လမ်းတစ်လျှောက် ယာဉ်ကြောပိတ်ဆို့ကြန့်ကြာမှုဖြစ်ကာ တရုတ်ဘက်သို့ တင်ပို့နိုင်ခြင်းမရှိသဖြင့် ဖရဲသီးများပျက်စီး ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်နေသည်ဟု မူဆယ် ၁၀၅ မိုင်သစ်သီး ကုန်စည်ဒိုင်၊ဒုတိယဥက္ကဌ ဦးစိုင်းခင်မောင်က မြန်မာတိုင်းမ်သို့ မေ ၂၄ ရက်တွင်ပြောသည်။ "တရုတ်က အစစ်အဆေးများတယ်။ ကားတွေအပြည့်အဝ မဝင်နိုင်ဘူး။ တရုတ်ပြည်ထဲကို ယာဉ်မောင်းအစားထိုးရတယ်။ ဖရဲကားကားအစီးရေ ၁၀၀၀ လောက်ဝင်လာရင် တရုတ်ပြည်ထဲကို ကားအစီးရေ ၂၀၀ ၊၃၀၀ လောက်ပဲ ဝင်လို့ရတယ်။ လမ်းမှာ ၇ရက်၊၈ ရက်ကြန့်ကြာကုန်တော့ ဖရဲသီးတွေလွှင့်ပစ်ရတယ်။ ကားခမရဘူး။ ပိုက်ဆံလည်းမရဘူး။ ဆုံးရှုံးမှုအကုန်ပဲ"ဟု ၎င်းက ပြောသည်။ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ကျင်စန်းကျော့ကုန်သွယ်ရေးပေါက်သို့ဝင်ရန်အတွက် ကားများတန်းစီစောင့်ဆိုင်းရသည့်အတွက် ၆ မိုင်ကွာဝေးသော လွယ်အင်း-ကောင်းခန့် အကြား ၅ ညအိပ် ၆ ရက် စောင့်ဆိုင်းနေရသည်။ သို့ဖြစ်ရာ လမ်းတွင်ရက်ကြာသွားသဖြင့် ဖရဲသီးများ ပုပ်ကုန်ပြီး တရုတ်နိုင်ငံဘက်ခြမ်းရှိ ဝမ်တိန်သို့ဝင်ရောက်ရောင်းချ၍ မရတော့သည့်အတွက် လမ်းဘေးတွင် အလုပ်သမားခအကုန်ခံ၍ သွန်ပစ်နေရသည်ဟု မူဆယ်သစ်သီးကုန်စည်ဒိုင် ဥက္ကဌ

ဦးစိုင်းမြင့်ဘိုကပြောသည်။ "တန်းစီထားတဲ့ တချို့အသီးကားတွေလည်း ငါးရှဉ့်ကားတွေလား အောက်မေ့ရတယ်။ ကားအောက်မှာ အရည်တွေကျပြီး မိုးရွာနေသလိုပဲ။ ဝမ်တိန်မဝင်တော့ဘဲ အခမဲ့ဝေပေးနေတဲ့ကားတွေလည်းဝေပေးနေပြီ"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံဘက်မှ ဖရဲသီး၊ သခွားမွေးနှင့် သရက်သီးနှင့်ရေထွက်ကုန် ငါးရှဉ့်များကို ကျင့်စန်းကျော့ကုန်သွယ်ရေးဂိတ်တစ်ခုတည်းကသာ တရုတ်နိုင်ငံဘက်သို့ တင်ပို့ခွင့်ကိုလတရုတ်က ပေးထားခြင်းဖြစ်သည်။ ထိုသို့ခွင့်ပြုပေးရာတွင်လည်း တင်းကျပ်မှုများအား တရုတ်က ခွင့်ပြုထားပြီး ၎င်းနယ်နိမိတ်ဝမ်တိန်ဘက်သို့ မြန်မာနိုင်ငံမှ ယာဉ်မောင်းများအဝင်မခံပဲ တရုတ်ယာဉ်မောင်းများဖြင့်သာ ကုန်တင်ယာဉ်များ ဝင်ရောက်ကုန်ချခွင့်ပြုသည်။ ယခုအခါ ကျင့်စန်းကျော့ကုန်သွယ်ရေးတံခါးပေါက်သို့သွားရောက်သည့် ၁၀၅ မိုင်မှ တုန့်ခန်၊ နမ့်ခွမ်၊ မူဆယ်၊ ဟိုနား၊ ကောင်းမူး၊ မန်ဝိန်းတစ်လျှောက် ယာဉ်ပိတ်ဆို့နေခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါ လမ်းတစ်လျှောက်ရှိ ကုန်တင်ကားများ ဒုက္ခရောက်ကြသည့်အတွက် သက်ဆိုင်ရာဌာနပေါင်းစုံ နှင့် မထသ အပြင် လူမှုကူညီရေးအသင်းများပါ လမ်းပိတ်ဆို့မှု ရှင်းလင်းရေး ကော်မတီဖွဲ့ပြီး ညီညီညွတ်ညွတ်နှင့် အင်တိုက်အားတိုက် စည်းကမ်းတကျဖြစ်အောင် အရေးယူသင့်သည်များကို ပြစ်ဒဏ်ပေးခြင်းဖြင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၏ အာတက်သရော ကူညီဖြေရှင်းပေးမှုကို အရေးတကြီး လိုအပ်သည်ဟု ဦးစိုင်းမြင့်ဘိုကပြောသည်။ "အခု အသီးကားတန်းတွေ ပိတ်ဆို့ပြီး မြန်မာတောင်သူတွေ မြန်မာ ကားသမားတွေ ဒုက္ခအကြီးအကျယ် ကြုံတွေ့နေရတဲ့ နေရာဟာ သာမန် အများပြည်သူတွေရဲ့ မြင်ကွင်းမဟုတ်ပေမဲ့မြန်မာနိုင်ငံ မူဆယ် ခရိုင် နယ်နိမိတ်ထဲမှာ ပါပါတယ်"ဟု ၎င်းက ပြောသည်။

ထိုသို့ သက်ဆိုင်ရာက လမ်းပိတ်ဆို့မှု ရှင်းလင်းရေး ကော်မတီဖွဲ့ပြီး မူဆယ်ဘက်တွင် ရှင်းလင်းရေးလုပ်ဆောင်းပေးသကဲ့သို့ ကျင့်စန်းကျော့ကုန်သွယ်ရေးလမ်းရှိ သစ်သီးကားတန်းများကို လာရောက်ရှင်းလင်းပေးပါက မူဆယ်သစ်သီးကုန်စည်ဒိုင်မှ လူအင်အား ငွေအင်အားအပြည့်အဝဖြင့် ကူညီပေးသွားမည်ဟု ဦးစိုင်းမြင့်ဘိုကပြောသည်။

**Source:** https://myanmar.mmtimes.com/news/138564.html

## စက်သုံးဆီဈေးနှုန်း တစ်လီတာ ၃၁၀ ကျပ် ဖြင့် စံချိန်တင်ကျဆင်း




Covid-19 ဂယက်ကြောင့် ကမ္ဘာ့ရေနံဈေးများ စံချိန်တင် ထိုးကျလာပြီး နောက်ဆက်တွဲအနေဖြင့် ပြည်တွင်း စက်သုံးဆီ ပေါက်ဈေးနှုန်းများ တစ်လီတာ ၃၁၀ ကျပ်အထိ စံချိန်တင်ကျဆင်းလာခဲ့သည်။ Covid-19 ဖြစ်ပြီးနောက် ကမ္ဘာ့စီးပွားရေး ကပ်ဆိုက်ကာ အနောက်နိုင်ငံရှိ ရေနံ ထုတ်လုပ်သော OPEC ကုမ္ပဏီကြီး၏ ထုတ်လုပ်မှုလျှော့ချနိုင်ခြင်းမရှိပဲ ကမ္ဘာ့ရေနံဈေးနှုန်းများ စတင် ကျဆင်းလာ၍ စက်သုံးဆီဈေးကွက်အပေါ် ရိုက်ခတ်လာခဲ့ပြီး ဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းလာခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ဝူဟန်မြို့ကစတင်ခဲ့သော Covid-19 သည် ကမ္ဘာ့အနှံ့အပြားသို့ ပျံ့နှံ့နေမှုသည် ၃ လ ကျော်လာပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်ကို ကမောက်ကမဖြစ်စေခဲ့သည်။ ရေနံဈေးနှင့် ချိတ်ဆက်နေသည့် ကမ္ဘာ့စက်သုံးဆီပေါက်ဈေးနှုန်းလည်း ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ဧပြီလ ၂၃ ရက်တွင် ပြည်တွင်း စက်သုံးဆီဆိုင်တစ်ခု၏ ပေါက်ဈေးနှုန်းမှာ ဒီဇယ်တစ်လီတာလျှင် ၄၅၀ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာ ၄၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၃၁၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၄၄၀ ကျပ်၊အောက်တိန်း ၉၇ တစ်လီတာ လျှင် ၇၆၀ ကျပ်ဖြင့် ဈေးနှုန်းများ ကျဆင်းလာခဲ့သည်။ Covid-19 မဖြစ်ခင်ကာလ၂၀၂၀ ခုနှစ်၊ဇန်နဝါရီလ ၁၅ ရက်က ပြည်တွင်းစက်သုံးဆီဆိုင်တစ်ခုဖြစ်သော Max Energy စက်သုံးဆီဆိုင်၏ ရန်ကုန်စက်သုံးဆီပေါက်ဈေးနှုန်းသည် ဒီဇယ် တစ်လီတာ လျှင် ၉၅၅ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာ ၉၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၇၅ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၉၆၅ ကျပ်၊အောက်တိန်း ၉၇ တစ်လီတာ လျှင် ၁၁၂၅ ကျပ်ပေါက် ဈေးရှိခဲ့သည်။ "Covid-19 ဖြစ်နေတဲ့ကာလမှာ ယာဉ်သွားလာမှုရော၊ ပို့ဆောင်ရေးလုပ်ငန်းတွေရော တော်တော်လေးတုန့်ဆိုင်းသွားတဲ့အတွက် ကျွန်တော်တို့ စက်သုံးဆီ

ဆိုင်တွေ အနေအထားကလည်း သိပ်ရောင်းရတယ်လို့မရှိပါဘူး။ အဲဒီအနေအထားမှာ အခုကမ္ဘာ့စက်သုံးဆီဈေး ကလည်းထိုးကျ၊ ပြည်တွင်းမှာလည်း မရောင်းရတော့ ဆီတွေအိုင်နေတဲ့အနေအထားရှိလာတယ်။ ပြည်ပကနေသွင်းထားတဲ့ စက်သုံးဆီကုမ္ပဏီတွေအနေနဲ့လည်း ကျွန်တော်တို့ကြားမိသလောက် နည်းနည်းအနုတ်ဘက်သွားနေတယ်။ တော်တော်များများကို အနုတ်ဘက်သွားနေကြတယ်။ ဆုံးရှုံးမှုတွေရှိနေတယ်''ဟု ပြည်တွင်းစက်သုံးဆီကုမ္ပဏီကြီးတစ်ခု၏ အကြီးတန်းအရာရှိတစ်ဦးက မြန်မာတိုင်းမ်ကိုပြောသည်။

လက်ရှိပေါက်ဈေးနှုန်းကြောင့် စက်သုံးဆီသိုလှောင်ရန်မှာလည်း မသေချာမရေရာသည့်အနေအ ထားဖြစ်နေသည်။ သင်္ကြန်မတိုင်မီ စက်သုံးဆီပေါက်ဈေးနှုန်းကြောင့် အချို့စက်သုံးဆီကုမ္ပဏီကြီးများ စက်သုံးဆီဝယ်ယူသိုလှောင်ထားသော်လည်း သင်္ကြန်အပြီးပေါက်ဈေးနှုန်းကြောင့် ဆုံးရှုံးမှုရှိသည်ဟုသိရသည်။ ''တချို့က သင်္ကြန်မတိုင်ခင်က စက်သုံးဆီဈေးနှုန်းကြိုက်လို့ဆိုပြီး သိုလှောင်လိုက်တာရှိတယ်။ ဒါပေမယ့် အခုပေါက်ဈေးက သင်္ကြန်မတိုင်ခင်ကနဲ့ အများကြီးကွာဟသွားပြီ။ စင်ကာပူ ပေါက်ဈေးနှုန်းနဲ့ယှဉ်ရင် ဒီထပ်တောင်နိမ့်သေးတယ်။ ပြည်တွင်းမှာက နည်းနည်းထိန်းထားကြတာ။'' ဟု ဆက်လက်ပြောဆိုသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းသုံးစွဲမှုလိုအပ်ချက်အတွက် ပြည်ပမှစက်သုံးဆီတင်သွင်း၍ သုံးစွဲနေခြင်းဖြစ်ကာ ပြည်ပကုန်စည်များတင်သွင်းရာတွင် နိုင်ငံခြားငွေကိုလည်း ပြန်လည်အများဆုံး မဖြစ်မနေအသုံးပြုနေရသည့် ကဏ္ဍတစ်ခုလည်းဖြစ်သည်။ တိုင်းပြည်၏ နှစ်စဉ်စက်သုံးဆီတင်သွင်းမှုသည် အမေရိကန်ဒေါ်လာဘီလျံချီရှိသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများအရ စက်သုံးဆီဘတင်သွင်းမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃ ဘီလျံဖိုး ခန့် တင်သွင်းခဲ့ပြီး ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ခြင်း ဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၃ ဘီလျံကျော်ဖိုးခန့် စက်သုံးဆီတင်သွင်းခဲ့သည်။

**Source: https://myanmar.mmtimes.com/news/138540.html**

## ဘဏ်များလိုက်နာရမည့် မတည်ရင်းနှီးငွေနှင့် ချေးငွေပြန်တောင်းရန် ညွှန်ကြားချက်ကို ဗဟိုဘဏ် သုံးနှစ်သက်တမ်းတိုးပေး

ဘဏ်များမတည်ရင်း နှီးငွေမပြည့်မီခြင်း၊ အရင်း၊ အတိုးမပေးသည့် ချေးငွေများနှင့် ပမာဏကျော်လွန် ထုတ်ချေးငွေများကို စည်းကမ်းအတိုင်းဆောင်ရွက်ရန်ညွှန်ကြားမှုကို သုံးနှစ်သက်တမ်းတိုးပေးလိုက်ကြောင်း ဗဟိုဘဏ်က မေ ၂၂ ရက်စွဲဖြင့် ထုတ်ပြန်သည်။ လက်ရှိဖြစ်ပေါ်နေသော COVID-19 ရောဂါကြောင့် စီး ပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းဖြင့် အရှိန်အဟုန်မပြတ်လည်ပတ်နိုင်ရေး ဘဏ်များကထိရောက်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက်ဖြစ်သည်ဟု ဗဟိုဘဏ်က ဆိုသည်။

ဗဟိုဘဏ်က ပြည်တွင်းဘဏ်များ စည်းမျဉ်းစည်းကမ်း အတိုင်း အပြည့်အဝလိုက်နာရန် ၂၀၂၀ ဩဂုတ် ၃၁ ရက် အထိ အချိန်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ COVID-19 ရိုက်ခတ်မှုကြောင့် ၂၀၂၃ ဩဂုတ် ၃၁ ရက်အထိ သုံးနှစ်တိုးပေး လိုက်ခြင်းဖြစ် သည်။ ဘဏ်များသည် အရင်း၊ အတိုးမပေးဆပ်သည့်ချေးငွေများ ရရန်ရှိသော်လည်း အမှန်တကယ် မရရှိသေးပါက ဘဏ်ဝင်ငွေအဖြစ် ထည့်သွင်းတွက်ချက်ခြင်းမပြုရန် ဗဟိုဘဏ်ကတားမြစ်ထားသည်။

ဗဟိုဘဏ်၏ ၂၀၁၇ ဇူလိုင် ၇ ရက်တွင် ထုတ်ပြန်သောညွှန်ကြားချက်အရ ဘဏ်များသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ စီးပွား ရေးလုပ်ငန်းတစ်ခုခုကိုဖြစ်စေ ဘဏ်မတည်ငွေ၏ ၂၀ ရာခိုင်နှုန်းထက် ကျော်လွန်ထုတ်ချေးခြင်း မပြုရန် တားမြစ်ထားသည်။ အကယ်၍ကျော်လွန်ပါက စည်းမျဉ်းစည်းကမ်းအတိုင်းဖြစ်လာရေး အစီအစဉ်ချမှတ်ဆောင်ရွက်ရန် ညွှန်ကြား ခဲ့ခြင်းဖြစ်သည်။ “၂၀၁၇ ကတည်းက ထုတ်ထားတဲ့ ညွှန်ကြားချက်တွေမှာ လုပ်ရမယ့်ကိစ္စတွေကို သက်တမ်းထပ်တိုးပေးလိုက်တာပါ။ ဘဏ်လောကအတွက် ဖြေလျှော့ပေးလိုက်တာပါ”ဟု ပြည်တွင်းဘဏ်လုပ်ငန်းတစ်ခုမှ အမှုဆောင် အရာရှိချုပ်တစ်ဦးကပြောသည်။ ဘဏ်များတွင် မတည်ရင်းနှီးငွေမပြည့်ခြင်း၊ အကြွေးမဆပ်နိုင်၍လုပ်ငန်းများ အသိမ်းခံရမည့်ကိစ္စရပ်များကို ဖြေလျှော့စေခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

**Source:** https://7day.news/detail?id=184447

## ရန်ကုန်နှင့်မန္တလေးရွှေဈေးကွက် မေလဆန်းပိုင်းတွင် ပြန်ဖွင့်ဖွယ်ရှိ



COVID –19 မြန်မာနိုင်ငံ၌ ကူးစက်ခံရသူဦးရေ ပိုမိုတိုးတက်လာသဖြင့် မတ် ၂၉ ရက်က ပိတ်ထားခဲ့သော ရန်ကုန်နှင့် မန္တလေးတို့ရှိ ရွှေဈေးကွက်များကို မေလဆန်းပိုင်းမှသာ ပြန်လည်ဖွင့်လှစ်ရန်ရည်ရွယ်ထားကြောင်း ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းများထံမှသိရသည်။ ရန်ကုန်၏ အဓိကရွှေကွက်ဖြစ်သော ရွှေဘုံသာရွှေဈေးကွက်ကို မတ် ၂၉ ရက်က ပိတ်ခဲ့ပြီး မန္တလေးရွှေဈေးကွက်ကို ဧပြီ ၁၁ ရက်က ပိတ်ခဲ့သည်။ " ကျွန်တော်တို့ မေ ၁ ရက်နေ့လောက် ပြန်ဖွင့်ဖို့ရှိတယ်။ အခုတော့ မြို့ထဲက ရွှေဆိုင်တွေလည်း ပိတ်ထားကြတုန်းပဲ " ဟု မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးတင်ထွန်းက မြန်မာတိုင်းမ်သို့ပြောသည်။

ရန်ကုန်ရွှေဈေးကွက်ကိုလည်း မေလဆန်းပိုင်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ရန်ရည်ရွယ်ထားပြီး လတ်တလော COVID–19 ရောဂါသတင်းများကိုစောင့်ကြည့်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။ " အခုလောလောဆယ်တော့ ရက်မသတ်မှတ်ရသေးဘူး။ မေလ ပထမပတ်လောက်မှာ ပြန်ဖွင့်နိုင်မယ်လို့ မှန်းထားတယ်။ အတိအကျသတ်မှတ်ထားတာတော့ မဟုတ်ဘူးပေါ့နော် " ဟု အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က မြန်မာတိုင်းမ်သို့ပြောသည်။ ထိုသို့ ရန်ကုန်ရွှေဈေးကွက် ပြန်လည်မဖွင့်လှစ်နိုင်ခြင်းနှင့်အတူ အစိုးရ၏ ထုတ်ပြန်ချက်များ၊ မြို့တွင်းမြို့နယ်အချို့၌ Lockdown ချထားသည့် အခြေအနေများကြောင့် ရန်ကုန်မြို့အတွင်းရှိ ရွှေဆိုင်အများစု ပိတ်ထားကြဆဲဖြစ်ကြောင်း ရွှေဆိုင်ပိုင်ရှင် အသိုင်းအဝိုင်းထံမှသိရသည်။

လတ်တလော ကမ္ဘာ့ရွှေဈေးနှုန်းသည် ပြီးခဲ့သည့်ရက်ပိုင်းက တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၈၀ ခန့်သာရှိခဲ့ရာမှ ယခုအခါ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၁၀ ခန့်အထိမြင့်တက်လာခဲ့ပြီး ယင်းမှာ ကမ္ဘာ့ရေနံစိမ်းဈေး ပြန်လည်မြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်များကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/138536.html

## ရပ်ထားသည့် ပြည်ပဆန်တင်ပို့မှု လိုင်စင် မေ ၁ ရက်တွင်ပြန်ခွင့်ပြုမည်

မတ် ၂၀ မှစတင်ကာ ရပ်တန့်ထားသည့် ပြည်ပသို့ဆန်တင်ပို့မည့် ဆန်လိုင်စင်အသစ်လျှောက်ထားမှုများကို မေ ၁ ရက်တွင် ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ "ဆိုင်းငံ့ထားတဲ့ ပြည်ပ တင်ပို့မယ့် လိုင်စင်အသစ်လျှောက်ထားမှုတွေကို မေ ၁ ရက်မှာ ပြန်ပြီး ခွင့်ပြုမှာ ဖြစ် ပြီးတော့ ဆန်တန်ချိန် တစ်သိန်းခွင့်ပြုမှာပါ။ အဲဒီခွင့်ပြုတဲ့ ဆန်တိန်ချန် တစ်သိန်းထဲကနေ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်ကို အရန်ဆန် အနေနဲ့ပြန်သွင်းရမယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်းမ်သို့ပြောသည်။

လတ်တလော ဆန်တင်ပို့ခွင့် ပါမစ်လျှောက်ထားမှုများအား စိစစ်နေကြောင်း ဆန်လိုင်စင်မှာ နှစ်လသက်တမ်း ရှိသည့်အတွက် လိုင်စင်ထုတ်ပေးပြီးသားများကို အရင်တင်ပို့နိုင်းထားပြီး လတ်တလောအခြေအနေအရ အသစ်လျှောက်ထားမှုများကို လိုင်စင်မထုတ်ပေးသေးဘဲ ရပ်တန့်ထားကြောင်းသိရသည်။ "မေ ၁ ရက်မှာခွင့်ပြုမယ့် လိုင်စင်တွေကတော့ နိုင်ငံတော်အတွက် အရန်ဆန်အပ်ပြီးမှသာ လိုင်စင်ခွင့်ပြုမှာပါ။ ပင်လယ်ရေကြောင်းဖက်ကနေ တန်ချိန် တစ်သိန်းခွဲ လောက်အထိခွင့်ပြုမယ်လို့မှန်းထားပါတယ်။ ကုမ္ပဏီကတော့ ပုံမှန်တင်ပို့ရောင်းချနေတဲ့ ကုမ္ပဏီတွေပါပဲ။ အများကြီးတော့ မရှိပါဘူး။ ၁၀၀ ဂဏန်းအောက်ပဲရှိပါတယ်" ဟု ဦးခင်မောင်လွင်ကပြောသည်။

လက်ရှိ COVID – 19 ကပ်ရောဂါကာလအတွင်း ပြည်တွင်းစားသုံးမှုကိုချိန်ဆ၍ ပြည်ပသို့ဆန်တင်ပို့မှုကို တန်ချိန် တစ်သိန်းကျော်ခန့်သာ တင်ပို့နိုင်ရန်ရည်ရွယ်လျက် လိုင်စင်လျှောက်ထားမှုများကို မတ် ၂၀ ရက်မှစတင်ကာ ဆိုင်းငံ့ ထားခြင်းဖြစ်ပြီး မေ ၁ ရက်မှပြန်လည်ခွင့်ပြုပေးခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/138506.html

## COVID-19 ဆိုင်ရာ စီးပွားရေးရာကုစားမှုအစီအမံများအတွက် လိုအပ်သည်များပံ့ပိုးကူညီနိုင်ရန် နိုင်ငံ၏ထိပ်တန်းစီးပွားရေးလုပ်ငန်းစုကြီးများအား သမ္မတ အိမ်ပြာတော်တာဝန်ရှိသူမှ ခေါ်ယူတွေ့ဆုံခဲ့မှုနှင့် အရေးပေါ်စီးပွားရေးကုစားမှု ရန်ပုံငွေ (၄၀) ထရီလီယံဝမ် ထပ်မံခွင့်ပြုခဲ့မှု

COVID-19 ဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ အစိုးရမှဆောင်ရွက်ပေးလျက်ရှိသည့် မူဝါဒရေးရာကိစ္စရပ်များအား စီးပွားရေး လုပ်ငန်းစုကြီးများမှတာဝန်ရှိသူများ သိရှိစေရေးမှုဝေရန်၊ စီးပွားရေးလုပ်ငန်းများ၏အခက်အခဲများကို အစိုးရမှ သိရှိရန် ရည်ရွယ်၍ ကိုရီးယားသမ္မတနိုင်ငံ၊ သမ္မတ အိမ်ပြာတော်(Cheong Wa Dae)မှ သမ္မတ၏အကြီးတန်းအတွင်းရေးမှူး မူဝါဒရေးရာကိုင်တွယ်သူ Kim Sang-jo သည် ၂၂-၄-၂၀၂၀ ရက်နေ့(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် နိုင်ငံ၏ထိပ်တန်းစီးပွားရေးလုပ်ငန်းစုကြီး(၅)ခု၏ အကြီးတန်းအမှုဆောင်အရာရှိများနှင့် အလုပ်သဘောနံနက်စာအစည်းအဝေးအား ဆိုးလ်မြို့ရှိ Four Seasons ဟိုတယ်၌ ပြုလုပ်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံ၏ထိပ်တန်းစီးပွားရေးလုပ်ငန်းစုကြီး(၅)ခုဖြစ်သည့် Samsung Electronics ဥက္ကဋ္ဌ Lee In-yong၊ Hyundai Motor ဥက္ကဋ္ဌ Kong Young-woo၊ Sk Holdings အမှုဆောင်အရာရှိချုပ် Jang Dong-hyun၊ LG Group ၏ဒုတိယဥက္ကဋ္ဌ Kwon Young-soo၊ Lotte Group ဒုတိယဥက္ကဋ္ဌ Hwan Kag-gyu တို့တက်ရောက်ခဲ့ကြပါသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ပြင်းထန်စွာထိခိုက်နေသောကဏ္ဍများအတွက် အစိုးရနှင့်သမ္မတရုံးတို့မှ မည်ကဲ့သို့ကူညီ သွားနိုင်မည်ကို ဆွေးနွေးခဲ့ကြရာ စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုထိရောက်သော အစီအစဉ်များဖြင့်ကူညီပံ့ပိုးပေးရန် စီးပွားရေးလုပ်ငန်းရှင်များ ဘက်မှ အစိုးရအဖွဲ့သို့တောင်းဆိုခဲ့ကြကြောင်းသိရှိရပါသည်။

အစည်းအဝေးတက်ရောက်သူများက အစိုးရမှ Corporate bonds များဝယ်ယူပေးခြင်း၊ Corporate Tax များလျှော့ချပေးခြင်းဖြင့် သွယ်ဝိုက်သောဖြေလျှော့မှုများဆောင်ရွက်ပေးခြင်း၊ ငွေပေါ်လွယ်စေမည့်စီမံခန့်ခွဲမှုများအပါအဝင် အခြားသော ဘဏ္ဍာရေးဆိုင်ရာသက်သာခွင့်များကို တိုးပေးခြင်းစသဖြင့်ကဏ္ဍအားလုံးသို့ ပြည့်စုံကောင်းမွန်သော အထောက် အပံ့များကိုစီစဉ်ပေးရန် တောင်းဆိုဆွေးနွေးခဲ့ကြသည်ဟုသိရှိရပါသည်။ အထူးသဖြင့် နိုင်ငံ့စီးပွားရေး၏ ကျောရိုးသဖွယ် ဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍအတွက်အရေးပါသော လေကြောင်းပို့ဆောင်ရေး၊ မော်တော်ယာဉ်ထုတ်လုပ်ရေး၊ သံမဏိ(Steel)၊ ပြန်လည်သန့်စင်ခြင်းလုပ်ငန်းများ၊ ရေနံဓာတုနှင့် အခြားသောစက်မှုလုပ်ငန်း များအတွက် လုံလောက်သည့်ငွေပေါ်လွယ်မှု (Sufficient Liquidity) ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့များကို အစိုးရမှ ဆောင်ရွက်ပေး စေလိုကြောင်း တောင်းဆိုခဲ့ပါသည်။

ဘဏ္ဍာရေးဆိုင်ရာဖြေလျှော့မှုများနှင့်ပတ်သက်၍ စီးပွားရေးကိစ္စဖြင့် နိုင်ငံရပ်ခြားသို့ ခရီးသွားလာမှုအပေါ် ကန့်သတ် ချက်များကို ဖြစ်နိုင်သမျှဖြေလျှော့ပေးရန်၊ ကုမ္ပဏီများအနေဖြင့် တောင်ကိုရီးယား ကုန်သည်ကြီးများနှင့်စက်မှုအသင်းချုပ် (Korea Chamber of Commerce & Industry)နှင့် သက်ဆိုင်ရာစက်မှုလုပ်ငန်းကဏ္ဍအလိုက် အသင်းအဖွဲ့များမှ တစ်ဆင့် ၎င်းတို့၏ ဝန်ထမ်းများအားပိုမိုထိရောက်စွာကွပ်ကဲနိုင်ရေးအတွက် အလုပ်သမားဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို လျှော့ချပေးရန် အစိုးရထံသို့ တောင်းဆိုခဲ့ကြပါသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် COVID-19 ကပ်ရောဂါဆိုးအား ကျော်လွှားနိုင်သည့်အဆင့်သို့ ရောက်ရှိပြီ ဖြစ်သည့်အလျောက် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့အကြား လေကြောင်း၊ ရေကြောင်းဆိုင်ရာသယ်ယူပို့ဆောင်ရေး စနစ် များကို ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိစေရန် ကူညီပေးစေလိုပါကြောင်း၊ သို့မှသာ မိမိတို့၏ တရုတ်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းများပြန်လည် လည်ပတ်ရေးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းတင်ပြခဲ့ကြပါသည်။

Samsung Electronics ၏ ထုတ်ဖော်ပြောကြားချက်အရ တရုတ်နိုင်ငံ၊ Xi'an ဒေသရှိ Semicon-ductor စက်ရုံတွင်

လုပ်ငန်းတိုးချဲ့ရေးဆောင်ရွက်နိုင်ရန် Semiconductor အင်ဂျင်နီယာ (၂၀၀) ခန့်အား တရုတ်နိုင်ငံသို့စေလွှတ်ခဲ့ရာ၊ တရုတ်နိုင်ငံအစိုးရအနေဖြင့် နိုင်ငံခြားသားအားလုံးနီးပါးကို ဝင်ရောက်ခွင့်ပိတ်ပင်ထားသော်လည်း ဒေသဆိုင်ရာအာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်း နိုင်မှုအရ Samsung Electronics ၏ဝန်ထမ်းများကို ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

အစည်းအဝေးတွင် သမ္မတ၏အကြီးတန်းအတွင်းရေးမှူး မူဝါဒရေးရာကိုင်တွယ်သူ Kim Sang-jo က COVID-19 ဆိုင်ရာ စီးပွားရေးရာကုစားမှုအစီအမံများတွင် အစိုးရ၏လတ်တလော ထပ်မံခွင့်ပြုလိုက်သည့် အဓိကစက်မှုလုပ်ငန်းကဏ္ဍများကိုပံ့ပိုးရန်နှင့် အလုပ်လက်မဲ့ မဖြစ်စေရေး မူဝါဒအပေါ်ပံ့ပိုးကူညီရန် ရန်ပုံငွေ ကိုရီးယားဝမ် (၄၀) ထရီလီယံ(အမေရိကန်ဒေါ်လာ ၃၂.၄ ဘီလီယံ) တန်ဖိုးရှိအစီအစဉ်အကြောင်းကို အလေးပေးဆွေးနွေးခဲ့ပြီး၊ COVID-19 ကြောင့်တွေ့ကြုံရသည့် စီးပွားရေးအကျပ်အတည်းအား ရင်ဆိုင်ဖြေရှင်းကျော်လွှားရာတွင် နိုင်ငံ၏ထိပ်တန်းစီးပွားရေး လုပ်ငန်းစုကြီးများ၏အခန်းကဏ္ဍသည် လွန်စွာအရေးပါမှု အခြေအနေနှင့် အစိုးရမှခွင့်ပြုပေးသော အရင်းအမြစ်များကိုအသုံးပြု၍ ဝန်ထမ်းများ၏အလုပ်အကိုင်အခွင့်အလမ်း များကို ထိန်းသိမ်းပေးရန်ကိစ္စတို့အား အဓိကထား၍ ဆွေးနွေးခဲ့ကြောင်းသိရှိရပါသည်။

ယင်းအစည်းအဝေးကျင်းပပြီးသည့်နောက် နာရီအနည်းငယ်အကြာတွင် သမ္မတဦးစီးသည့် အရေးပေါ်စီးပွားရေးရာကောင်စီ (Emergency Economic Committee-EEC) အစည်းအဝေးကိုကျင်းပခဲ့ပြီး၊ သမ္မတမှ COVID-19 ဆိုင်ရာ စီးပွားရေးရာကုစားမှုအစီအစဉ်များအတွက် ကိုရီးယားဝမ် (၄၀) ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၂.၄ ဘီလီယံ) ထပ်မံခွင့်ပြုကြောင်းကို ကြေညာခဲ့ပါသည်။ အဆိုပါရန်ပုံငွေတွင် COVID-19 ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများထိခိုက်ရခြင်းကိုကာကွယ် ရန်အစီအစဉ်အတွက် ခွင့်ပြုရန်ပုံငွေ (၁၀) ထရီလီယံဝမ်ပါဝင်ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အသေးစားလုပ်ငန်းများအပေါ် အခွန်ကင်းလွတ်ခွင့်အား (၄) နှစ်ထပ်မံတိုးမြှင့်ပေးခဲ့

တရုတ်နိုင်ငံသည် အသေးစားလုပ်ငန်းများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း များတွင် ပိုမိုပါဝင်လာနိုင်စေရန် ရည်ရွယ်၍ အသေးစား လုပ်ငန်းများအနေဖြင့် ပေးဆောင်ရမည့် အခွန်ကင်းလွတ်ခွင့်အား နောက်ထပ် (၄)နှစ်အထိ ထပ်မံတိုးမြှင့်ပေးလိုက်ကြောင်း ကြေညာခဲ့ ပါသည်။ ၂၀၁၉ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ပြီးဆုံးပြီး ဖြစ်သည့် အခွန်ကင်းလွတ်ခွင့်အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ တိုးမြှင့်လိုက် ကြောင်း တရုတ်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အခွန်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့တို့မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ နောက်ဆုံးပတ်တွင် ပူးတွဲထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်မှုအား အားပေးမြှင့်တင်ရန်နှင့် မူဝါဒအထောက်အပံ့များ ရရှိစေရန် ရည်ရွယ်၍ အသေးစားနှင့် အငယ်စားလုပ်ငန်းများ၊ ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းများသို့ ထုတ်ချေးပေးသည့် ဘဏ္ဍာရေးအဖွဲ့အစည်းများသည် ထုတ်ချေးမှုများ၏ အတိုးမှ ရရှိသည့်ဝင်ငွေအပေါ် ကောက်ခံသည့် တန်ဖိုးမြှင့်အခွန် (value-added taxes (VAT)) ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ကို ၂၀၁၇ ခုနှစ်မှ စတင်၍ ပေးအပ်ထားခြင်း ဖြစ်ကြောင်း၊ အဆိုပါကြေညာချက်တွင် ယခုကင်းလွတ်ခွင့်ပြုသည့် တန်ဖိုးမြှင့်အခွန်များအား ယခင်က ကောက်ခံထားပြီး ဖြစ်ပါက နောက်လာမည့်လများတွင် ထုတ်နှုတ်သွားရန်နှင့် ပြန်အမ်းပေးရမည်ဟု ဖော်ပြထားကြောင်းလည်း သိရှိရပါသည်။

**Source:** http://global.chinadaily.com.cn/a/202004/26/WS5ea5979ca310a8b241151c37. html

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ပေကျင်းမြို့**

## အာရှနိုင်ငံများအတွင်း သင်္ဘောတင်ပို့နေသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် eShipAsia platformအား စတင်မိတ်ဆက်

ပြောင်းလဲနေသောလမ်းကြောင်း၊ တဆင့်ပြန်လည်ပို့ဆောင်မည့်အချိန်နှင့် ကုန်ကျစရိတ်တို့အပေါ်တွင် အခြေခံ၍ သင်္ဘောတင်ပို့မှုတိုင်းအား အကောင်းဆုံးဖြစ်စေရန် အာရှနိုင်ငံများအချင်းချင်း သင်္ဘောတင်ပို့သူများအကြားဆောင်ရွက်၍ ရနိုင်မည့် eShipAsiaဟုသော အွန်လိုင်း ထောက်ပို့သယ်ယူပို့ဆောင်ရေးကြားခံနေရာတစ်ရပ်ကို စတင်မိတ်ဆက်လိုက်ပါသည်။

အာရှနိုင်ငံများအချင်းချင်း ကုန်သွယ်ရေးပြုလုပ်မှုသည် ကမ္ဘာပေါ်တွင် ကုန်သွယ်မှုအများဆုံးပြုလုပ်သည့် နိုင်ငံအစုများတွင် တစ်ခုအပါအဝင်ဖြစ်ကြပြီး၊ လျင်မြန်စွာတိုးတက်ပြောင်းလဲနေကာ ထိရှလွယ်သောဈေးကွက်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အကောင်းဆုံးပို့ဆောင်ရေးနည်းလမ်းများကိုရှာဖွေရန် သင်္ဘောတင်ပို့သူများအတွက် စိန်ခေါ်မှုများဖြင့် ကြုံတွေ့စေပြီး အချိန်များစွာကြာမြင့်စေလျက်ရှိကြောင်း K&N Asia Pacific၏ ဒုတိယဥက္ကဋ္ဌ Casper Ellerbaekက မှတ်ချက်ပြုပြောကြားခဲ့ပါသည်။

eShipAsia ပေါ်တွင် သင်္ဘောတင်ပို့သူများအား နိုင်ငံပေါင်း (၂၀)သို့ ဆက်သွယ်ပေး ထားပြီး၊ တင်ပို့မည့်ဆိပ်ကမ်းနှင့် ဆိုက်ရောက်မည့်ဆိပ်ကမ်း ယှဉ်တွဲမှုပေါင်း (၂,၂၂၀)၊ ပို့ဆောင်နေသည့် သင်္ဘောလိုင်းပေါင်း (၅၄)ခုနှင့် ဝန်ဆောင်မှုပေးနေသည့် အဝန်းအဝိုင်း (၇၅၀၀)တို့၏ ထွက်ခွာမည့်အချိန်ဇယားများနှင့် နှုန်းထားများကို ချက်ချင်းနှိုင်းယှဉ် ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

ပေးဆောင်ရမည့် ကုန်ကျစရိတ်များအားလုံးအပေါ် အခြေခံ၍ ချက်ချင်း ထုတ်ပေးထားသည့် နှိုင်းယှဉ်ကြည့်နိုင်သောဈေးနှုန်းကိုးကားချက်များမှာ အပြည့်အဝ ပွင့်လင်းမြင်သာမှုရှိမည်ဖြစ်ပြီး၊ အဆင့်မြင့်အွန်လိုင်းမှခြေရာခံကြည့်ရှုနိုင်သောလုပ်ဆောင် ချက်များကိုလည်း ထည့်သွင်းထားရှိရာ သင်္ဘောတင်ပို့သူများက ၎င်းတို့၏သင်္ဘော အခြေ အနေအား မည်သည့်အချိန်တွင်မဆို သိရှိနိုင်မည်ဖြစ်ပါသည်။

စမ်းသပ်ကာလအတွင်း အသုံးပြုကြည့်သူများက အာရှနိုင်ငံများ အပြန်အလှန်သင်္ဘောတင်ပို့မှုအား အကောင်းဆုံးချိတ်ဆက်ပေးနိုင်သည့် ကြားခံနေရာ ဖြစ်သောကြောင့် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များကို ပိုမိုလျင်မြန်စွာ ပြုလုပ်ပေးနိုင်ကြောင်း အတည်ပြု ပြောကြားခဲ့ကြကြောင်း၊ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအဆင့်များနှင့် အပြိုင်အဆိုင်ပေးကြသည့် နှုန်းထားများအပေါ် စက္ကန့်ပိုင်းအတွင်း လုပ်ငန်းစဉ်ပြုလုပ်ပေးခြင်းဖြင့် ကျွန်ုပ်တို့၏ ဖောက်သည်များအတွက် ထူးခြားသော ဒစ်ဂျစ်တယ်အတွေ့အကြုံအား ပံ့ပိုးပေးနိုင်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း K&N Asia Pacific၏ ဥက္ကဋ္ဌ Jens Drewesက ရှင်းလင်း ပြောကြား ခဲ့ပါသည်။

၎င်းနည်းပညာဦးဆောင်အသုံးပြုထားသည့် ကြားခံနေရာအား စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ ဂျပန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယားနှင့် တရုတ်ပြည်မကြီးတို့တွင် အသုံးပြုနိုင်မည်ဖြစ်ပြီး၊ ၎င်းနိုင်ငံများ၏ ဘာသာစကားများဖြင့်ပါ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

**Source:** newsroom.kuehne-nagel.com (၈-၄-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နန်နင်းမြို့**

## အိန္ဒိယနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒအား ပြင်ဆင်ခြင်း

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ စက်မှုလုပ်ငန်းမြှင့်တင်ရေး နှင့် ပြည်တွင်းကုန်သွယ်ရေး ဦးစီးဌာန (DPIIT) သည် ၂၈.၈.၂၀၁၇ နေ့မှ စတင် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမူဝါဒ (၂၀၁၇) တွင် ပါရှိသော ရင်းနှီးမြှုပ်နှံခွင့်ရှိသူ ဆိုင်ရာ သတ်မှတ်ချက်အချို့အား ပြောင်းလဲပြင်ဆင်ကျင့်သုံးမည်ဖြစ်ကြောင်း ၁၈.၄.၂၀၂၀ နေ့၌ သတင်းထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ အခန်း(၃)၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့မှ နိုင်ငံသား သို့မဟုတ် ၎င်းနိုင်ငံများ၌ အခြေစိုက်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ/ လုပ်ငန်းအဖွဲ့အစည်း တစ်ရပ်အနေဖြင့် အိန္ဒိယနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက် ခြင်းကို အိန္ဒိယအစိုးရ၏ သတ်မှတ်လမ်းကြောင်းအတိုင်းသာ ကန့်သတ်ထားခြင်း မရှိသော လုပ်ငန်းနယ်ပယ်များ၌ ခွင့်ပြုမိန့်ရယူ လုပ်ဆောင်နိုင်ခွင့်ရှိကြောင်း ဖော်ပြထားပါသည်။

ယခု DPIIT ဌာနမှ သတင်းထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံနှင့် ကုန်းမြေနယ်နိမိတ် ထိစပ် လျက်ရှိသောနိုင်ငံများမှ နိုင်ငံသားများ သို့မဟုတ် ၎င်းနိုင်ငံများ၌ လုပ်ငန်းဆောင်ရွက်လျက်ရှိ သည့် ကုမ္ပဏီ/ လုပ်ငန်း အဖွဲ့အစည်းများအနေဖြင့် အိန္ဒိယနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ခြင်းကို အိန္ဒိယအစိုးရ၏ သတ်မှတ်လမ်းကြောင်းအတိုင်းသာ ကန့်သတ်ထားခြင်း မရှိသော လုပ်ငန်းနယ်ပယ်များ၌ ခွင့်ပြုမိန့်ရယူ လုပ်ဆောင်နိုင်ခွင့်ရှိမည်ဟု ပြင်ဆင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံရှိ လက်ရှိတည်ရှိဆဲ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သို့မဟုတ် အနာဂတ်ကာလ၌ ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ ပိုင်ဆိုင်ခွင့်များအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းခြင်းပြုရာတွင် ယခုပြင်ဆင်ဖော်ပြခဲ့သည့် နိုင်ငံ များမှ နိုင်ငံသား သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ရပ်ရပ်ထံသို့

လွှဲပြောင်းခြင်းဖြစ်ပါက အစိုးရ ထံမှ အတည်ပြုချက်ရယူဆောင်ရွက်ရမည်ဖြစ်ကြောင်းကိုလည်း ထပ်မံဖြည့်စွက်ခဲ့ပါသည်။

လက်ရှိကာလတွင် အိန္ဒိယကုမ္ပဏီများစွာ၏ CIVID–19 ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အကျပ် အတည်းနှင့် ရင်ဆိုင်ကြုံတွေ့နေရမှုအပေါ် အခွင့်ကောင်းယူ၍ လုပ်ငန်းများသိမ်းသွင်းရယူခြင်း၊ ပိုင်ဆိုင်မှုများလွှဲပြောင်းရယူခြင်းတို့ကို ထိန်းချုပ်နိုင်ရန်အတွက် အိန္ဒိယအစိုးရအနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမူဝါဒ (၂၀၁၇) ကို ပြန်လည်သုံးသပ်ပြင်ဆင်ရခြင်းဖြစ်ကြောင်း၊ ယခုပြင်ဆင်ချက် များသည် နိုင်ငံခြားငွေလဲလှယ်မှု စီမံခန့်ခွဲရေး အက်ဥပဒေ (Foreign Exchange Management Act) အရ အမိန့်ကြော်ငြာစာအား ထုတ်ပြန်သည့် နေ့ရက်မှစတင်၍ သက်ရောက်မှုရှိမည်ဖြစ် ကြောင်း DPIIT ဌာနက ဖော်ပြပါသည်။

သို့ဖြစ်ရာ အိန္ဒိယအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒ ပြင်ဆင်ချက်သည် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ တရုတ်၊ မြန်မာ၊ နီပေါနှင့် ပါကစ္စတန် နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများအပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အိန္ဒိယ၏ ကုန်းမြေနယ်နိမိတ် ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံ များအနက် တရုတ်နိုင်ငံမှအပ ကျန်နိုင်ငံများမှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုမှာ လွန်စွာနည်းပါးပြီး ယခုမူဝါဒပြင်ဆင်ချက်မှာ အထူးသဖြင့် ဆယ်စုနှစ် ၂ ခုတာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်များပြားလာသော တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား ဦးတည်၍ ကန့်သတ်ခြင်းဖြစ် ကြောင်း သိသာထင်ရှားလျက်ရှိသည်။

တရုတ်နိုင်ငံဗဟိုဘဏ် (People's Bank of China) သည် အိန္ဒိယနိုင်ငံရှိ ပုဂ္ဂလိက စီးပွားရေးဘဏ် လုပ်ငန်းတစ်ခုဖြစ်သော HDFC Bank ၏ အစုရှယ်ယာများတွင် မူလက ၀.၈% ရင်းနှီးမြှုပ်နှံထားရာမှ မကြာသေးမီ ကာလ အတွင်း၌ ရှယ်ယာများပိုမိုဝယ်ယူလျက် ၁.၀၁% (ရူပီး ငွေ ၁၇.၅ သန်း) အထိ တိုးမြှင့်မြှုပ်နှံခဲ့ပါသည်။ ဤအချက်က လတ်တလောကာလ၌ နိုင်ငံ၏ စီးပွားရေး နေးကွေးကျဆင်းမှုနှင့်အတူ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် အကျပ်အတည်းများ နှင့် ရင်ဆိုင်နေရသည့် မိမိနိုင်ငံအတွင်းရှိ အရေးပါသောလုပ်ငန်းကဏ္ဍအချို့အား တရုတ်ကုမ္ပဏီများက လွှဲပြောင်းရယူ သွားမည်ကို အိန္ဒိယလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ စိုးရိမ်မှုများအား များပြားလာစေခဲ့သည်။ အိန္ဒိယနိုင်ငံရှိ စက်မှုကုန်ထုတ် လုပ်ငန်းများစွာသည် လိုအပ်သောသွင်းအားစုများအတွက် တရုတ်နိုင်ငံမှ သွင်းကုန်များအပေါ်မှီခိုနေရပြီး ဟိုက်ဒရောဆီကလိုရိုကွင်း (HCQ) ကဲ့သို့ သော ဆေးဝါးများအား ကမ္ဘာ့ထိပ်တန်းအဆင့်၌ ရပ်တည်ထုတ်လုပ်ရာတွင် တရုတ်နိုင်ငံထံမှ Key Starter Materials (KSM) ခေါ် ကနဦးကုန်ကြမ်းများကို အမြောက်အမြားတင်သွင်းနေရသည်။

နယူးဒေလီမြို့ရှိ တရုတ်နိုင်ငံသံရုံးမှ ပြောရေးဆိုခွင့်ရှိသူ Ms. Ji Rong က အိန္ဒိယအစိုးရ၏ ယခုကဲ့သို့ မူဝါဒပြောင်းလဲပြင်ဆင်မှုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးနှင့် ဖြေလျော့မှုပြုရေးဆိုင်ရာ ယေဘုယျ သတ်မှတ်ချက်များအား ဆန့်ကျင်လျက် ခွဲခြားဆက်ဆံခြင်းမပြုရေး စည်းကမ်းချက်ကို ဖောက်ဖျက်ရာရောက်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ အိန္ဒိယနိုင်ငံရှိ မိုဘိုင်းဖုန်း၊ လျှပ်စစ်ပစ္စည်းကိရိယာ၊ ယာဉ်စက်ပစ္စည်းနှင့် အခြေခံအဆောက်အအုံစသည့်လုပ်ငန်း နယ်ပယ်များစွာ၌ ဒေါ်လာ ၈ ဘီလီယံကျော်အထိ ရင်းနှီးမြှုပ်နှံထားရှိပြီးဖြစ်ရာ အလုပ်အကိုင်များစွာရရှိစေပြီး နှစ်ဦးနှစ်ဘက် အကျိုးဖြစ်ထွန်းမှုရှိသည့် Win–Win Cooperation ပုံစံဖြင့် လုပ် ကိုင်လျက်ရှိကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် စီးပွားရေးကျဆင်းမှုနှင့် ကြုံတွေ့နေရချိန်တွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းကို ဖန်တီးလျက် ထုတ်လုပ်မှုနှင့် စားသုံးမှုတို့ကို မြှင့်တင်ခြင်းအား အတူပူးပေါင်းဆောင်ရွက်သင့်ကြောင်းစသည်ဖြင့်ပြောကြားခဲ့ကြောင်း The Mint သတင်းဌာနမှ ရေးသား ဖော်ပြချက်အရ သိရှိရပါသည်။

Source: 1. China objects to India tweaking FDI rules, says move violates WTO norms, 20 Apr 2020, Live Mint

2. S National security in focus as India amends FDI rules, 19 Apr 2020, Economic Times

3. Alarmed by Chinese Bank raising stake in HDFC, Centre revises FDI policy, 18 Apr 2020, India Today

4. Govt tweaks FDI rules to shield domestic firms, 18 Apr 2020, Hindustan Times

5. Press Note No.3(2020 Series) dated 17th April 2020 of Department for Promotion of Industry and Internal Trade, Ministry of Commerce and Industry of India

# STOCK EXCHANGE (24.4.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 24th Apr. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,000 | 10,500 | 10,000 | 1,579 | 15,792,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,600 | 5,519 | 19,868,400 | 38,929,150 | 140,145 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 0 | 0 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 428.43 | -9.90 | -2.26% | 428.43 | 438.33 | 428.43 | 7,098 | 35,660,900 | 5 | 586,654 |

### Index chart




## Market Overview

As of 1:00 pm, 24th Apr. 2020

| MYANPIX | 428.43 ▼ 9.90 |
|---|---|
| Total Volume (shares) | 7,098 |
| Total Value (MMK) | 36 mil |
| Listed Company | 5 |
| Market Cap. (MMK) | 586,654 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▼ 500 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |